## သာမန်ကာလ (၃၃)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၂၁း ၅ - ၁၉

လောကမှာ အသက်ရှင်နေထိုင် လုပ်ကိုင်စားသောက်ဖို့ အာရုံစိုက်ကြရင်းနဲ့ ကျနော်တို့ အသက်ရှင်နေထိုင်နေကြတဲ့ဘဝရဲ့အဓိပ္ပါယ်၊ ဘဝရဲ့ပန်းတိုင်ကို မေ့လျော့လာကြပါတယ်။ ဒါကြောင့် လူ့ဘဝဟာ ဘာအဓိပ္ပါယ်မှမရှိသလိုလို၊ လူ့ဘဝဟာ ဘာပန်းတိုင်မှမရှိသလိုလို ဖြစ်လာကြလို့ အသက်ရှင်ရတာ အားလျှော့လာကြတယ်။ စိတ်အားထက်သန်မှု မရှိကြတော့ဘူး။ ဒါကြောင့် ပျော်သလိုပဲနေကြတော့တယ်၊ ဖြစ်သလိုပဲ နေကြတော့တယ်။

အိမ်ကြီးအိမ်ကောင်းနဲ့ နေရပါတယ်၊ ဒါပေမဲ့ မိသားစုက တကွဲတပြား။ ဆေးပညာတွေ တိုးတက်လာတယ် ဒါပေမဲ့ ကျန်းမာရေးတွေ ချို့တဲ့နေကြတယ်။ ခေတ်ပညာတွေ တတ်ကြပါတယ်၊ ဒါပေမဲ့ အသိတရားတွေ ခေါင်းပါးလာတယ်။ ဝင်ငွေတွေ ချမ်းသာလာပါတယ်၊ ဒါပေမဲ့ စိတ်က ဆင်းရဲနေရတယ်။ ဈေးကြီးတဲ့နာရီ ရှိပါတယ် ဒါပေမဲ့ အချိန် မရှိကြပါဘူး။ အရက်တွေ ပေါများလာပြီး ရေရှားနေကြပါတယ်။ လူတွေက များလာကြပါတယ် ဒါပေမဲ့ လူဆံတဲ့လူ ရှားပါးလာပါတယ်။

ဒါ ဘာကြောင့် ဖြစ်လာရတာလဲ။ လူတွေဟာ ကိုယ့်ရဲ့ပစ္စုပ္ပန် နဲ့ ကိုယ့်ရဲ့အနာဂတ်ကို ပိုင်းခြား မသိကြလို့ပါပဲ။ ဒါကလည်း လောကဆန်တဲ့အတွေးအခေါ်တွေက တဖြေးဖြေး လွှမ်းမိုးလာလို့ပါ။ လောကဆန်တဲ့အတွေးအခေါ်မှာတော့ အခုနေထိုင်ရတဲ့ဘဝ ပစ္စုပ္ပန်ကိုပဲ စဉ်းစားတယ်။ နောက်ဘဝကို မစဉ်းစားဘူး၊ မယုံဘူး။ ဒါကြောင့် အခုဘဝမှာ ဘုရားကြိုက်သလို မနေထိုင်ပဲ ကိုယ်ကြိုက်သလို နေထိုင်တယ်။ အဲလိုလူတွေက အနာဂတ်အတွက် မစဉ်းစားဘူး။ အနာဂတ် မရှိတဲ့လူက ဘာကို မျှော်လင့်ပြီး အသက်ရှင်မှာလဲ။ သူ့အတွက် အနာဂတ်မရှိဘူးဆိုမှတော့ ဘာမျှော်လင့်ချက်မှလည်း မထားတော့ဘူးလေ။ သူ့ကိုယ်ကာယအတွက်ပဲ အသက်ရှင်တယ်၊ သူ့ဝိညာဉ်ရေးအတွက် မစဉ်းစားဘူး။ သူ့ကိုယ်ကာယအတွက် ပြည့်စုံဖူလုံရင်တောင် သူ့ဘဝက ဟာတာတာကြီး၊ အဓိပ္ပါယ်မရှိသလို ခံစားရတာပဲ။ ဟုတ်တယ်၊ ချစ်ခြင်းမရှိရင် လူ့ဘဝဟာ အဓိပ္ပါယ်မရှိဘူး။ အခုလောလောဆယ်တော့ ပိုက်ဆံရဖို့၊ ကျန်းမာချမ်းသာဖို့ပဲ မွန်ပြီးလုပ်နေလို့ သူ့ဘဝရဲ့အဆုံးကို မစဉ်းစားဖြစ်တာ။ အဲလို ပစ္စုပ္ပန်ပဲ နေနေတဲ့သူအတွက် လူ့ဘဝကြီးက ဘယ်လိုကြီးလဲ၊ သေပြီးရင် အကုန်ပြီးရောပဲလား ။ ဒီလိုလူအဖွဲ့က ပစ္စုပ္ပန်မှာပဲ နေချင်တဲ့အဖွဲ့။

နောက်တစ်ဖွဲ့ကတော့ အနာဂတ်မှာပဲ နေနေတဲ့အဖွဲ့ပါပဲ။ ဒီနေ့ ဖတ်ရတဲ့ ဒုတိယကျမ်းစာနဲ့ ဧဝံဂေလိကျမ်းစာထဲက လူတွေလိုပေါ့။ ဒုတိယကျမ်းစာ သက်ဆလောနိကဩဝါဒစာ ဒုတိယစောင်မှာ ရှင်ပေါလူးက သူ့ခေတ်ကလူတွေ အခု ပစ္စုပ္ပန်မှာ အလုပ်မလုပ်ပဲ သခင်ယေဇူး ဒုတိယအကြိမ် ကြွလာတော့မယ့် ကမ္ဘာကုန်မည့်အချိန် ထိုင်စောင့်နေလို့ ဆုံးမထားတာကို ဖတ်ရပါတယ်။ “သင်တို့တွင် အချို့သောသူတို့သည် ပျင်းရိစွာနေထိုင်၍ အလုပ်မလုပ်ဘဲ သူတစ်ပါး၏ကိစ္စများတွင်သာ ဝင်ရောက်စွက်ဖက်နေကြကြောင်းကို ငါတို့ ကြားသိရ၏။ ထိုသူတို့သည် မိမိတို့၏အလုပ်ကို တိတ်ဆိတ်စွာလုပ်ကိုင်လျက် မိမိတို့၏ဝမ်းစာကို ရှာဖွေစားသောက်ကြရန် ယေဇူးခရစ်တော်သခင်၌ ငါတို့ သတိပေးနှိုးဆော်ပါ၏။” တဲ့ ။ ယေဇူးဘုရားရှင်လက်ထက်က လူတွေကလည်း

ယေဖူးဘုရားရှင်ကို မေးလျှောက်ကြပါတယ်။ ဘယ်တော့ ကမ္ဘာကုန်မှာလဲ၊ ဘာတွေ ဖြစ်ပျက်မှာလဲ စသဖြင့် အနာဂတ်ကို ပိုစိတ်ဝင်စားကြတယ်။ အဲလို အနာဂတ်မှာဖြစ်ပျက်မည့်ဟာကိုပဲ အာရုံရောက်နေတဲ့လူက အခုပစ္စုပ္ပန်မှာရှင်နေရတဲ့အသက်တာကို အရေးမပေးဘူး၊ အထင်သေးတယ်၊ ပစ္စုပ္ပန်ကို ဖြစ်သလို ပစ်စလက်ခ နေတယ်။ သူ့အယူအဆက "ဒီကမ္ဘာလောကကြီးက စက်ဆုပ်ရွံရှာစရာကောင်းတယ်။ ဒီလောကမှ အမြန်ထွက်မှ မြန်မြန်လွတ်မြောက်မယ်" လို့ သူက ထင်နေတယ်။ ကမ္ဘာကြီး မြန်မြန်ကုန်မှ အေးမယ် လို့ ယူဆထားတယ်။ ဒီအဖွဲ့ရဲ့အယူအဆကလည်း မှားပါတယ်။

ပစ္စုပ္ပန်မှာပဲ ကျင်လည်နေချင်တဲ့လူတွေ၊ အနာဂတ်မရှိပဲနေချင်တဲ့အဖွဲ့ကလည်း မှားတာပါပဲ။ ဒါအပြင် နောက်တစ်ဖွဲ့က ရှိပြန်သေးတယ်။ အဲဒီအဖွဲ့ကတော့ အတိတ်ကာလမှာပဲ နေချင်တဲ့အဖွဲ့ ပါပဲ။ ဟိုအရင်က အချိန်ကောင်းလေးတွေကိုပဲ ပြန်တမ်းတရင်း အသက်ရှင်နေတယ်။ အတိတ်ကို တမ်းတရင်း ကိုယ့်ကိုယ်ကို နှစ်သိမ့်နေတတ်ကြတယ်။ အဲလိုလူတွေက တစ်ချိန်လုံး တွေဝေ ငေးမှိုင်နေတတ်ကြတယ်။ တစ်ချိန်လုံး လွမ်းဆွတ်တမ်းတရင်းနဲ့ လက်ရှိအချိန်ကို ဖြုန်းနေတာပဲ။ မကောင်းပါဘူး။ ဘာမှ အကျိုးမရှိပါဘူး။ ဒါကြောင့် အခု ပြောခဲ့တဲ့ ၃ ဖွဲ့စလုံး မကောင်းပါဘူး၊ တစ်ဖက်စွန်းကျ ကြတယ်။ အတိတ်မှာပဲ နေချင်တဲ့အဖွဲ့၊ ပစ္စုပ္ပန်မှာပဲ နေချင်တဲ့အဖွဲ့၊ အနာဂတ်မှာပဲ နေချင်တဲ့အဖွဲ့ အားလုံး အကျိုးမရှိပါဘူး၊ ဘုရား မကြိုက်ပါဘူး။

ဒါဆို လူ့ဘဝမှာ အဓိပ္ပါယ်ရှိရှိနေထိုင်နိုင်ဖို့ ၊ အားတက်သရော နေထိုင်နိုင်ဖို့ ဘယ်လို အသက်ရှင်ရမလဲ။ အဖြေကတော့ အနာဂတ်ကို ရည်ရွယ်ပြီးတော့ အခု ပစ္စုပ္ပန်မှာ နေထိုင်ဖို့ ဖြစ်ပါတယ်။ ကိုယ့်အနာဂတ်နဲ့ အခု လက်ရှိ ပစ္စုပ္ပန်ကိုရော သတိလက်လွတ် မဖြစ်စေရပါဘူး။ အမှန်တရားကတော့ ယခု ပစ္စုပ္ပန်လောကကြီးက မတည်မြဲဘူးဆိုတာပါပဲ။ အားလုံး ပျောက်ကွယ်သွားကြမှာပါ။ အခု ပစ္စုပ္ပန်အတွက်ပဲ အသက်ရှင်နေလို့ မဖြစ်ဘူးဆိုတာ သိပါ။ ယခု ပစ္စုပ္ပန်မှာ ကျနော်တို့ အောင်မြင်တာတွေ ၊ ပိုင်ဆိုင်တာတွေအားလုံးကို ကျနော်တို့ သေတဲ့အခါ ထားရစ်ခဲ့ရမှာပါ။ ဒါကြောင့် အခု ပစ္စုပ္ပန်အသက်ရှင်နေတဲ့အခါ ကျနော်တို့မှာ မျှော်လင့်ချက်ရှိထားရတယ်။ ဒါမှ အဓိပ္ပါယ်ရှိမယ်။ ရည်မှန်းချက်ပန်းတိုင် ရှိနိုင်မယ်။

ကျနော်တို့ခရစ်ယာန်တွေ ယုံကြည်ကြတာက အနာဂတ် နောက်ဘဝမှာ ဘဝရဲ့ပြည့်စုံခြင်းတွေ ၊ စိတ်ကြည်နူးစရာအကောင်းဆုံး၊ ချစ်ခြင်းမေတ္တာအရှိဆုံးတွေ ကြုံတွေ့ပိုင်ဆိုင်ရမယ်။ အဲဒါ ဘယ်လိုခံစားရမလဲဆိုတာ ကြိုတင်သိနိုင်ဖို့ အခု ပစ္စုပ္ပန်လောကမှာကတည်းက ကြိုတင် အမြည်း ခံစားမိစေပါတယ်၊ အဲဒါကတော့ ကျနော်တို့ အခု ပစ္စုပ္ပန်မှာ တစ်ယောက်ကိုတစ်ယောက်ချစ်ကြရင် အဲလို နောင်အနာဂတ်မှာ ခံစားမိမည့်ကြည်နူးမှုမျိုး ကြိုတင်ခံစားမိတာပါပဲ။

ယနေ့ ပထမကျမ်းစာ မာလ်အာခိကျမ်းမှာ ကမ္ဘာလောကရှိ မကောင်းမှုတွေဟာ မီးလောင်ကျွမ်းသလို တစ်ခုမှကျန်တော့မှာမဟုတ်တော့ဘူး။ ဟုတ်ပါတယ်၊ နောက်ဘဝမှာ တရားမျှတခြင်း၊ ချစ်ခြင်းတွေပဲ ကျန်ရှိနေကြပါတော့မယ်။ အဲဒီအခါ ယနေ့ ဆာလံကျမ်းထဲကလိုပဲ "ဘုရားသခင်သည် ကမ္ဘာမြေကြီးကို တရားမျှတစွာအုပ်စိုးရန် ကြွလာတော်မူ၏" တဲ့။ ဒါကြောင့် အိုခြင်း၊ နာခြင်း သေခြင်း မရှိနိုင်တော့တာပါပဲ။

နောက်ဘဝကို မျှော်လင့်ပြီး ရှင်နေတဲ့ ကျနော်တို့ဟာ ယခု ပစ္စုပ္ပန်ကိုလည်း

အကျိုးရှိရှိရှင်ကြမှာပါပဲ။ ဘာလို့လဲဆိုတော့ ကျနော်တို့ မျှော်လင့်နေတာကိုက ချစ်ခြင်းလေ။ ကျနော်တို့ မျှော်နေတာကိုက တရားမျှတခြင်းလေ။ ကျနော်တို့ မျှော်နေတာနဲ့ ဆန့်ကျင်ဘက် ကျနော်တို့ နေပဲ့မလား။ အနာဂတ်မှာ ဒီလိုဒီလို မျှော်လင့်ထားလို့ အခု ပစ္စုပ္ပန်မှာလည်း ဒီလိုဒီလို နေနေတာပေါ့။

အဲဒီလို အနာဂတ်အတွက် ပြင်ဆင်ရင်းနဲ့ အသက်ရှင်နေစဉ်အခါ ကျနော်တို့ မမေ့မပျောက်ရမှာက ဘုရားတရားပဲ။ ယေရှုဘုရားရှင်ရဲ့တရားတော်အတိုင်း ရှင်နေရမယ်။ ဆိုလိုတာက အခု ပစ္စုပ္ပန်မှာ အလုပ်တွေလုပ်ရင်း ရေစုန်မျောမသွားဖို့ စိတ်ပျက်မသွားဖို့ ဆိုတာ ဘုရားနဲ့အတူ အသက်ရှင်နေမှ ဖြစ်မှာပါ။ ဘုရားနဲ့အတူ ဘဝခရီးကို အတူလျှောက်မှ စိတ်ထိန်းနိုင်မယ်၊ ခွန်အားရှိနိုင်မှာပါ။ ကုန်ကုန်ပြောရရင် အခု ပစ္စုပ္ပန်မှာ ကိုယ်မျှော်မှန်းထားသလို မဖြစ်လာခဲ့ရင်တောင် ကိုယ်က လောကအရာတွေကို စိတ်မစွဲလန်းလို့ ဝမ်းနည်းပက်လက် ဖြစ်မသွားဘူး၊ ဘဝပျက်မသွားနိုင်ဘူး။

ဒီလိုပဲ အတိတ်ကာလက ဖြစ်ပျက် ကြုံတွေ့ခဲ့သမျှတွေကိုလည်း လက်ခံတတ်ရမယ်။ အတိတ်က ကောင်းတာတွေကို ယူ၊ မကောင်းတာတွေကို ပယ်ပါ။ ကြုံတွေ့ခဲ့ရတဲ့ အပြစ်အမှားတွေမှ သင်ခန်းစာယူပြီး အခု ပစ္စုပ္ပန်ဘဝသစ်မှာ အတိတ်ကလို မမှားစေဖို့ အသက်ရှင်ရမယ်။ ဒါဟာ လူမှုရေး မဟုတ်ပါဘူး။ ပစ္စုပ္ပန် အခုလက်ရှိဘဝမှာ ဘုရားသခင်အပေါ် ယုံကြည်အားကိုးနေဖို့ အရေးကြီးဆုံးပါပဲ။ ယနေ့ကျမ်းစာမှ ယေရှုဘုရားရှင် သတိပေးထားသလိုပါပဲ "သူတို့သည် သင်တို့ကို တရားဇရပ်များနှင့် အကျဉ်းထောင်များတွင် အပ်နှံကြ၍ သင်တို့သည် ဘုရင်များနှင့် မြို့ဝန်များ၏ရှေ့မှောက်သို့ ခေါ်ဆောင်ခံရကြလိမ့်မည်။ ဤသည်ကား သင်တို့ သက်သေခံရန်အချိန်ကောင်းဖြစ်ကြလိမ့်မည်။ ထို့ကြောင့် သင်တို့ မည်ကဲ့သို့ ဖြေကြားရမည်ကို ကြိုတင်၍ တွေးဆမထားရန် သတိပြုကြလော့။ အကြောင်းမူကား သင်တို့၏ရန်သူများသည် သင်တို့ကို ငြင်းခုံဆန့်ကျင်ခြင်းမပြုနိုင်ရန် နှုတ်အစွမ်းနှင့် ဉာဏ်ပညာကို သင်တို့အား ငါပေးမည်။ သင်တို့ကို သင်တို့၏မိဘညီအစ်ကိုများ၊ ဆွေမျိုးနှင့် မိတ်ဆွေများကပင် အပ်နှံကြလိမ့်မည်။ သင်တို့တွင် တစ်ချို့ကို သတ်ကြလိမ့်မည်။ သင်တို့သည် ငါ၏နာမကြောင့် လူအပေါင်းတို့၏မုန်းတီးခြင်းကို ခံကြရလိမ့်မည်။ သို့သော် သင်တို့၏ဦးခေါင်းမှ ဆံခြည်တစ်ပင်မျှ ပျက်စီးဆုံးရှုံးလိမ့်မည်မဟုတ်။ တည်ကြည်ခိုင်မာခြင်းအားဖြင့် သင်တို့သည် သင်တို့၏အသက်ကို ပိုင်ဆိုင်ကြလိမ့်မည်" လို့ ကတိတော်ပေးထားပါတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။